# Vermont ရှိ ပြည်သူ့စာကြည့်တိုက်များ

## ပြည်သူ့စာကြည့်တိုက်ဆိုတာဘာလဲ။

ပြည်သူ့စာကြည့်တိုက်များသည် အသိပညာ၊ စိတ်ကြည်နူးပျော်ရွှင်မှုနှင့် ကိုယ်ထူကိုယ်ထ နေရာများဖြစ်ပြီး အသက်အရွယ်မရွေး၊ နောက်ခံမရွေး လူတိုင်း သင်ယူလေ့လာ၍ ကိုယ်တိုင်တိုးတက်မှုကို ဆည်းပူးနိုင်ရန် အခွင့်အလမ်းများ ပေးပါသည်။ စာကြည့်တိုက်များတွင် လာရောက်သူများ ကြည့်ရှုနိုင်သော ပစ္စည်းများရှိသည့်အပြင် အဆောက်အဦးအသုံးချမှုကို လေ့လာနိုင်ပြီး သက်သာအဆင်ပြေစေသော ပစ္စည်းများကို ပေးစွမ်းထားပါသည်။ စာကြည့်တိုက်ဝန်ထမ်းများသည် သိလိုသည်များကို ဖြေကြားပေးရန်နှင့် လာရောက်သူများအား စာကြည့်တိုက်အသုံးပြုရာတွင် ကူညီပေးရန် အသင့်ရှိပါသည်။

## ပြည်သူ့စာကြည့်တိုက်မှာ ဘာတွေရနိုင်မလဲ။

စာကြည့်တိုက်ရှိ ပစ္စည်းအများစုကို လေ့လာအားပေးသူများက အချိန်တစ်ခုကြာ ငှားရမ်းနိုင်ပြီး ငွေကြေးကုန်ကျမှုမရှိဘဲ စာကြည့်တိုက်သို့ ပြန်လည်အပ်နှံနိုင်ပါသည်။ ပစ္စည်းများတွင် အောက်ပါတို့ပါဝင်သည်-

- လူကြီးနှင့်ကလေး စာပေများ
- သတင်းစာ
- ကိရိယာပစ္စည်းများ
- အသံသွင်းစာအုပ်များနှင့် သီချင်း
- မဂ္ဂဇင်း
- ရုပ်ရှင်

များစွာသော စာကြည့်တိုက်များတွင် လာရောက်သူများအတွက် အခမဲ့ပွဲတော်များ ရှိပါသည်။ စာကြည့်တိုက်များမှ ပြုလုပ်ပေးသော ပွဲအမျိုးအစား များစွာရှိသည်-

- လူကြီးများနှင့် ကလေးများအတွက် ပညာရေးပွဲများ
- အနုပညာပွဲတော်များ
- ပုံပြောချိန်နှင့် ကလေးများအတွက် အခြားအစီအစဉ်များ
- ဂီတပွဲတော်များ

များစွာသော စာကြည့်တိုက်များသည် ၎င်းတို့ထံ လာရောက်သူများအတွက် နည်းပညာဆိုင်ရာ အထောက်အပံ့များကိုလည်း ပေးစွမ်းထားပါသည်။ နည်းပညာအမျိုးအစားများတွင် အောက်ပါတို့ပါဝင်သည်-

INSTITUTE of Museum and Library SERVICES
VERMONT DEPARTMENT OF LIBRARIES

- အင်တာနက်သုံးစွဲနိုင်သော ကွန်ပျူတာများ
- မိတ္တူစက်များနှင့် စကင်န်ဖတ်စက်များ
- အခမဲ့ wi-fi
- အွန်လိုင်းအရင်းအမြစ်များနှင့် သင်တန်းများ
- အီလက်ထရောနစ်ပုံစံဖြင့် စာအုပ်များ

စာကြည့်တိုက်များတွင် လာရောက်သူများအတွက် သက်သာအဆင်ပြေစေသော အခြေခံပစ္စည်းများ ရှိပါသည်–

- ထိုင်စရာ
- အလုပ်နှင့် အိမ်စာများလုပ်ဆောင်နိုင်သည့် စားပွဲများ
- နားနေခန်းနှင့် သောက်ရေသန့်
- အစည်းအဝေးခန်းများ သို့မဟုတ် ဆိတ်ငြိမ်စာကြည့်နေရာများ

## စာကြည့်တိုက်တွင် အဖွဲ့ဝင်ရန် ဘယ်လိုလုပ်ရမလဲ။

စာကြည့်တိုက်ရှိရာမြို့တွင် နေထိုင်သူဖြစ်ပါက စာကြည့်တိုက်အဖွဲ့ဝင်ခြင်းသည် အခမဲ့ဖြစ်ပါသည်။ စာကြည့်တိုက်အများစုသည် သင်၏ အမည်၊ နေရပ်လိပ်စာနှင့် ဖုန်းနံပါတ် သို့မဟုတ် အီးမေးလ်လိပ်စာတို့ကို တောင်းပါလိမ့်မည်။ အချို့စာကြည့်တိုက်များက သင်၏ ID ကတ်ကို တောင်းပါမည်။ စာကြည့်တိုက်သည် သင်၏ ပုဂ္ဂိုလ်ရေးအချက်အလက်များကို ဥပဒေအရမလိုအပ်ပါက မည်သူ့ကိုမှ မပေးပါ။ များသောအားဖြင့် စာကြည့်တိုက်သို့ သွားရောက်ရန်အတွက် စာကြည့်တိုက်အဖွဲ့ဝင်ဖြစ်ရန် မလိုအပ်ပါ။

## မေးခွန်းများအတွက် အဖြေများ ရယူရန်

စာကြည့်တိုက် အသုံးပြုသူများ၏ မေးခွန်းများကို ဖြေကြားပေးရန် စာကြည့်တိုက်မှူးများ ရှိနေပါသည်။ စာကြည့်တိုက်မှူးက သင့်မေးခွန်းကို ချက်ချင်း မဖြေကြားပေးနိုင်ပါက ၎င်းတို့က သုတေသနပြုလုပ်ပြီး အဖြေတွေ့ရှိချိန်၌ သင့်အား ပြန်လည်ဖြေကြားပေးပါလိမ့်မည်။

INSTITUTE of Museum and Library SERVICES
VERMONT DEPARTMENT OF LIBRARIES

## အချက်အလက်များကို အွန်လိုင်းပေါ်မှ ရယူရန် (ဒေတာဘေ့စ်များ)

စာကြည့်တိုက်များက စာအုပ်များအပြင် ဒေတာဘေ့စ်များမှတဆင့် အချက်အလက်များကို ရယူအသုံးပြုခွင့်ပေးပါသည်။ သင်၏ အချက်အလက်လိုအပ်ချက်များ ရရှိအောင် သင့်အားကူညီရန် ဤဒေတာဘေ့စ်များကို အခမဲ့ အသုံးပြုနိုင်ပြီး ၎င်းတို့အတွင်း ဆောင်းပါးများ၊ အီးဘွတ်ခ်များ၊ ဗီဒီယိုများနှင့် ရုပ်ပုံများ အပြည့်ပါရှိပါသည်။ ၎င်းတို့တွင် ပညာရပ်ပိုင်းဆိုင်ရာ သုတေသနများမှ အရာရာအတွက် အချက်အလက်များမှသည် သင်၏ အိမ်တွင်းပရောဂျက်များနှင့် ဝါသနာပါရာအလုပ်များအတွက် ဆောင်းပါးများနှင့် လမ်းညွှန်ချက်များပါဝင်ပြီး အချက်အလက်များကို အွန်လိုင်းပေါ်ရှာဖွေရန် နေရာကောင်းတစ်ခုဖြစ်ပါသည်။

## စာအုပ်များ ရယူရန်

စာအုပ်တစ်အုပ်၏ ခေါင်းစဉ် သို့မဟုတ် စာရေးသူကို သင်သိရှိပါက အဆိုပါစာအုပ်ကို သင်တွေ့ရှိအောင် စာကြည့်တိုက်မှူးများက ကူညီပေးနိုင်ပါသည်။ သင်၏ စိတ်ဝင်စားမှုများနှင့် အချက်အလက်လိုအပ်ချက်များပေါ် အခြေပြု၍ ၎င်းတို့က သင်၏နောက်စာအုပ်အတွက် အကြံပြုတိုက်တွန်းချက်များလည်း ပြုလုပ်ပေးနိုင်ပါသည်။

သင့်စာကြည့်တိုက်သို့ သွားရောက်ချိန်တွင် သင်ဖတ်လိုသည့် စာအုပ်တိုင်း ရှိချင်မှ ရှိနိုင်ပါသည်။ ကံကောင်းစွာဖြင့် စာကြည့်တိုက်မှူးများက သင်ဖော်ပြသည့် စာအုပ်များအပြင် ၎င်းထက်ကျော်လွန်၍ အခြားစာကြည့်တိုက်များမှ ကူညီငှားရမ်းပေးနိုင်ပါသည်။ အခြားစာကြည့်တိုက်များမှ စာအုပ်တစ်အုပ် သင်ငှားရမ်းရာ၌ စာကြည့်တိုက်မှူးများက စာကြည့်တိုက်အချင်းချင်းကြား ချေးငှားမှုကို အသုံးပြု၍ ကူညီပေးနိုင်ပါသည်။ သင်မေးထားသည့်စာအုပ် ရောက်ရှိချိန်တွင် ၎င်းကို စစ်ဆေးကြည့်ရှုနိုင်ပြီး သင်၏ ဒေသန္တရစာကြည့်တိုက်တွင် တိုက်ရိုက်ပြန်အပ်နိုင်ပါသည်။

INSTITUTE of Museum and Library SERVICES

VERMONT DEPARTMENT OF LIBRARIES